မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၇)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၁၆-၁၁-၂၀၂၄၊ စနေနေ့ ။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေးနှင့် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၃ သို့ ○

## အများအားဖြင့် သာယာမည်

**(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ စနေနေ့။

မန္တလေး

## ဆီးချိုသွေးချိုရောဂါ စစ်ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိ

ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Empowering Global Health"ဖြစ်ပြီး "အားလုံး သက်ရှည်ကျန်းမာဖို့၊ ဆီးချိုရောဂါ ကာကွယ်ထိန်းသိမ်းလို့၊ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"ဟု မြန်မာဘာသာပြန်ဆိုထားသည်။

ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီ သေဆုံးမှု (Premature Death) ကိုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် တစ်ဦးခန့်တွင် ဆီးချိုသွေးချိုဖြစ်ပွားနေကြောင်းနှင့် နောင်လာမည့်ဆယ်စုနှစ်များအတွင်း ဆီးချိုသွေးချိုဖြစ်ပွားနှုန်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ် (IDF)၏ အချက်အလက်များအရ သိရှိရကြောင်း၊ ဆီးချိုသွေးချိုရောဂါအန္တရာယ်ကို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကျန်းမာရေးပြဿနာအဖြစ် အလေးထားပြီး ရောဂါကာကွယ်ကုသခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ အခြေခံအရေးကြီးသည့်အချက်များကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုကို အသိပညာပေးရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆေးပညာရှင်များနှင့် ပြည်သူလူထုစုပေါင်းအားဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း Theater ခန်းမ၌ ကျင်းပသည့် (၂၀၂၄) ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသမှ ပြည်သူများ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရေးအတွက် ကျေးလက်ကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသမှုဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး ကုသမှုအတွက် လိုအပ်သော အခြေခံဆေးများနှင့် ဆေးပစ္စည်းများကို ဝယ်ယူပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် ဆေးခန်း ၇၅၁၆ ခု ဖွင့်လှစ်ထားရှိကြောင်း ပြောကြားခဲ့သည်။

ဆီးချိုသွေးချိုရောဂါဝေဒနာရှင်ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် ကုသမှုရရှိစေပြီး နောက်ဆက်တွဲရောဂါဝေဒနာများ ခံစားရခြင်းမှ ကာကွယ်နိုင်ရန်နှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ မြင့်မားစေရန်အတွက် ဆီးချိုသွေးချိုပညာပေးကုသဌာန (Center of Excellence for Diabetes) များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီး လေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။





## တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးများ၊ အလှူဒါနပြုလုပ်သူများနှင့် လည်ပတ်သူများဖြင့် စည်ကားများပြား

**မန္တလေး နိုဝင်ဘာ ၁၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလနေ့)အခါသမယတွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာနေရာအသီးသီးတို့တွင် ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့် ကောင်းမှုကုသိုလ်ပြုကြသူများ၊ အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မန္တလေးတောင်တော် တောင်ဘက်စောင်းတန်း ခြင်္သေ့ကြီးနှစ်ကောင်နေရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် မောင်နှမတစ်စုက မန္တလေးတောင်တော်ဝန်းကျင်ရှိ သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ၊ သီလရှင်ဆရာလေးများနှင့် လေးပြင်လေးရပ်ရှိ ပင့်ဖိတ်ထားသည့် သီလရှင်စာသင်တိုက်များမှ သီလရှင်ကြီးများ၊ သီလရှင်ဆရာလေးများ စုစုပေါင်း အပါး ၁၀၀၀ ကျော်အား လိုအပ်သည့် လှူဖွယ်ပစ္စည်း ၉ မျိုးကို လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## သုခမရင်ပြင်စာပေဆု စာမူများ ဖိတ်ခေါ်

**မန္တလေး နိုဝင်ဘာ ၁၅**

စာဆိုတော်နေ့အားဂုဏ်ပြုသောအားဖြင့် သုခမရင်ပြင်စာပေက ရသဝတ္ထုတိုပြိုင်ပွဲအား ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ စာမူရှင်များသည် ပြိုင်ပွဲကာလအတွင်း မိမိတို့ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရေးသားပါဝင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာများသည် သဘာဝရာသီဥတုဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး၊ သဘာဝရာသီဥတုဘေးကြုံဆုံရသည့် မိသားစုဘဝများအကြောင်း၊ သဘာဝရာသီဥတုဘေးကြုံတွေ့ရာဒေသ၌ ပရဟိတဆောင်ရွက်ကြသည့် နှလုံးလှပရဟိတပုဂ္ဂိုလ်များ၏ အကြောင်းအရာများကို ရသအထူးပြုရေးသားရပါမည်။ ပုဂ္ဂိုလ်ရေး၊ လူမှုရေး၊ ဘာသာရေး၊ ထိခိုက်ပုတ်ခတ် တိုက်ခိုက်သော ချစ်ခင်စည်းလုံးခြင်းအား ပျက်ပြားစေသည့် အရေးအသားများမဖြစ်စေရပါ။ ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်ဆိုရှယ်၊ စာနယ်ဇင်းတွင်မှ ဖော်ပြထားခြင်းမရှိသေးကြောင်း ဝန်ခံချက်ပါရှိရပါမည်။(အခြားပြိုင်ပွဲများ၌ ပြိုင်ဖူးပြီး ဆုမဝင်ခဲ့ရသော စာမူများကို ပြင်ဆင်ပါဝင် ခွင့်ပြုသည်)။ အမည်ရင်း၊ နေရပ်၊ ဆက်သွယ်ရသည့် ဖုန်းနံပါတ်ပါရှိရပါမည်။ ဆုရစာမူအား သုခမရင်ပြင်က စာမျက်နှာတွင် အဆင်ပြေသလို ထည့်သွင်းအသုံးပြုခွင့်ပြုပြီးဖြစ်သလို စာမူရှင်သည် မိမိနှစ်သက်ရာစာမျက်နှာတွင် လွတ်လပ်စွာအသုံးပြုခွင့်ရှိပါသည်။ ပြိုင်ပွဲဝင်စာမူဆုရွေးချယ်ခြင်းအပိုင်းသည် ဆုရွေးဒိုင်၏ အဆုံးအဖြတ်သာ အတည်ဖြစ်ပြီး ဆုရွေး၊ ပယ်ကိစ္စ စောဒကအား လက်ခံမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများအား သုခမရင်ပြင်စာပေစာမျက်နှာကသာ ပိုစ့်တင်ပေးပါမည်။ သုခမရင်ပြင်က ဆုရ၊ ပယ်စာမူများကို သုံးသပ်ချက်ပေးမည်မဟုတ်ပါ။ (အထူးအားဖြင့် သတ်ပုံအားအစင်ကြယ်ဆုံးစိစစ်ကြပါရန်နှင့် ဆုများအား ပ၊ ဒု၊ တ မထားဘဲ သုခမရင်ပြင်အကောင်းဆုံးဆုအဖြစ် (၅) ဆုချီးမြှင့်ပါမည်။ ဆုကြေးငွေအစား စာပေမှတ်တိုင်သင်္ကေတ၊ ဂုဏ်ကိုသာချီးမြှင့်မည်ဖြစ်ပါသည်။

ပြိုင်ပွဲရက်အနေဖြင့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့ ည ၉ နာရီအထိသာဖြစ်ကြောင်း သိရသည်။ **မန္တလေးနေ့စဉ်သတင်းအဖွဲ့**

## ကျောက်ဆည်မြို့နယ် ကင်းကျေးရွာတွင် စိုက်ပျိုးထားသော မိုးနှောင်းဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကင်းကျေးရွာတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မိုးကောင်းသောက် ယာမြေများအများစုပိုင်ဆိုင်ကြပြီး ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို ရာသီအလိုက် ပြောင်းလဲစိုက်ပျိုးကြကြောင်း၊ မိုးနှောင်းကာလတွင် ဝါသီးနှံများ၊ ဝါနှင့် ပဲစင်းငုံ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းများ အဓိကထားစိုက်ပျိုးကြရာ ကွင်းအမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၃၉) တောင်သူဦးမြင့်လွင် စိုက်ပျိုးထားသော မိုးနှောင်းဝါမျိုးဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(ယာပုံ)**

ဝါသီးနှံများစိုက်ပျိုးရာတွင် အပင်ပေါက်နှုန်းကောင်းမွန်သည့် ချည်မျှင်ရှည်ဝါမျိုးများ ရွေးချယ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီများရယူကာ အပင်မကျပ်စေရန်နှင့် မျိုးစေ့ကုန်ကျမှုသက်သာစေရန်အတွက် စိုက်ကျင်းတစ်ကျင်းလျှင် ဝါမျိုးစေ့(၃)စေ့ထက်မပိုဘဲ တစ်ဧကသတ်မှတ်အပင်ဦးရေ ပြည့်မီစေရန် စိုက်တန်း၊ စိုက်ကျင်းများကို (၃)ပေအကွာ၊ (၃)ပေအကျယ်(၂)ပင်ချန်ကာ ရွက်စစ်(၃-၄)ရွက်ထွက်ချိန်၊ စိုက်ပျိုးပြီး ၁၈ ရက်မှ ၂၁ ရက်တွင် သားခွဲစိုက်ပျိုးကြောင်း၊ သွင်းအားစုအနေဖြင့် တစ်ဧကတွင် နွားချေး လှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာ တစ်အိတ်ကို မြေခံထားပြီး ကွန်ပေါင်းမြေဩဇာ အိတ်တစ်ဝက်နှင့် ယူရီးယား အိတ်တစ်ဝက်ကို အပိန့်ဝင်ချိန်တွင် အပင်အခြေမှ ၆ လက်မအကွာ၊ ပန်းပွင့်ချိန် အပင်အခြေမှ ၈ လက်မအကွာ ထည့်သွင်းပေးရကြောင်း၊ အပင်သက်တမ်းတစ်လျှောက်တွင် ပေါင်းမြက်များရှင်းလင်းပေးရပြီး စိုက်တန်းကြားများတွင် ကြားထွန်တိုက်ခြင်းများ ပြုလုပ်ပေးရကြောင်း၊ အပိန့်စတင်ကာနီး အချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာရရှိရေး ရေသွင်းပြီးတိုင်း ကြားထွန်တိုက်ကာ မြေဆွပေးရကြောင်း၊ သက်တမ်း ၅၀ ရက်သားအထိ စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ရက် ၆၀ နောက်ပိုင်းတွင် ဝါဌမ်းပိုးနီနှင့် ရွက်လိပ်၊ ရွက်စားပိုးအတွက် ဆေးနှစ်ကြိမ်



ဖျန်းပေးရပြီး လိုအပ်ပါက အခြားပိုးများအတွက် ဆေးများဖျန်းပေးရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဝါသီးနှံများစိုက်ပျိုးရာ၌ သင်းဒီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းနှင့် သင်းတွဲနည်းပညာပေး ရှေ့တန်းစခန်းတွင် အဓိကထားစိုက်ပျိုးကြကြောင်းနှင့် မိုးကြို၊ မိုး၊ မိုးနှောင်းရာသီများတွင် ဝါစိုက်ဧက စုစုပေါင်း ၁၆၆၆၆ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(၄၈၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ ဘူရားတီးရားပြည်နယ် ဒုတိယအကြီးအကဲ၊ ကျန်းမာရေးဝန်ကြီး Mrs. Ludupova Evgeniia Iurevne နှင့် ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်သည် မိမိတို့နိုင်ငံနှင့် ထူးခြားသောဆက်ဆံရေးရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်လည်ပတ်မှုအတွက် ကြိုဆိုဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘူရားတီးရားပြည်နယ်အကြီးအကဲဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌက ယခုကဲ့သို့ သာယာလှပသည့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ လာရောက်လည်ပတ်သည့် အချိန်တွင်လည်း မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို များစွာခံစားမိပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလည်ပတ်ချိန်များ၌လည်း မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် မြန်မာပြည်သူများ၏ ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုမှုနှင့် အထူးဧည့်ဝတ်ကျေပွန်မှုများကိုလည်း မြင်တွေ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးနွေးထွေးသောဆက်ဆံရေးရှိသည့် ခံစားမှုများကို ရရှိပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H. E. Mr. Alexey Sambuevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စပါး၊ ဆီထွက်သီးနှံနှင့် ပဲများကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝမြေသြဇာများ ထုတ်လုပ်နိုင်ရေး စက်ရုံများ တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးမှု တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် သစ်တောထွက် ပစ္စည်းများဖြင့် သစ်ပါးလွှာနှင့် ပျော့ဖတ်များ ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးမှုတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် နည်းပညာမြှင့်တင်မှုများ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် တိုက်ရိုက်လေကြောင်းပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေး ကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များ စေလွှတ်ရေးနှင့်ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရောက်ရှိနေချိန်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် အထင်ကရနေရာများ၊ ရေဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ပြီး ဆက်လက်၍လည်း မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ အခမ်းအနားတက်ရောက်လာသူများ စိန်နားပန်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၄ ခုနှစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ် တော်အတွင်းရှိ ရေပန်းရင်ပြင် တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက် အတွင်းရေးမှူးနှင့်ဇနီး၊ မြန်မာ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဘူရားတီးရား ပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့များ၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး များနှင့်ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည့် နေပြည်တော်ကောင်စီ နယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာလာရောက် ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ ရုရှားဖက် ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲ ဘူရား တီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြ သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ဖူးမြော်ကြည် ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြ သည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး သဒ္ဒါမိပတိ ခေါင်းလောင်းတော် အား ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာ ကြသူများသည် အခမ်းအနား ကျင်းပမည့် နေရာသို့ရောက်ရှိ ကြရာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်း သားရိုးရာ အကအလှများဖြင့် ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲ ဘူရား တီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တို့က စိန်နားပန်မီးပုံးပျံလွှတ်တင် မှုနှင့် ညမီးကျည်(ညမီးကြီး)မီးပုံး ပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင် နေမှုများကို ကြည့်ရှုအားပေးကြ သည်။

ယင်းနောက် ရုရှား- မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန်မီးပုံး ပျံလွှတ်တင်မှုကို ကြည့်ရှုအားပေး ကြသည်။ အဆိုပါမြတ်ရောင်ခြည် စိန်နားပန်မီးပုံးပျံ၏ ကိုယ်ထည် တွင် ကနုတ်ပန်းခက်များ၊ ကြာပန်း ခက်များ၊ ကြာပန်းခက်များ၏ အပေါ်တွင် မြတ်ရောင်ခြည် စာသားကို အပြာရောင်ဖြင့် ရေးဆွဲထားပြီး မီးပုံးပျံ၏ အောက်ဆွဲတွင် ကြာပန်းပုံနှင့် ဘူရားတီးရားစာသားကို မီးပုံး ရောင်စုံများဖြင့် လှပစွာချိတ်ဆွဲ ထားရှိသည်။

စာမျက်နှာ ၅ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညမီးကျည်(ညမီးကြီး) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ် ရေးဦးစီးချုပ်(ရေ)အသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

* စာမျက်နှာ ၄ မှ
မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများနှင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်စည်းကမ်းအကောင်းဆုံးဆု၊ အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ အဖွဲ့လိုက် ချုပ်ရိုးချုပ်သားအကောင်းဆုံးဆု၊ အဖွဲ့လိုက်ရက်လုပ်ထားသောသင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆု၊ အဖွဲ့လိုက်ရက်ကန်းစင်ကိုင်တွယ် အကောင်းဆုံးဆုတို့ကို ကောင်စီဝင်များက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဉ္စမဆုရရှိသည့် နေပြည်တော်ကောင်စီ ကိုယ်စားပြုအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကလည်းကောင်း၊ စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြုအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူးကလည်းကောင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ စိန်နားပန်မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု၊ စက္ကူပသာဒ အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်အရောင်စုံလင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆု၊ မှိုင်းခံစံချိန် အကောင်းဆုံးဆုရရှိကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညမီးကျည် (ညမီးကြီး) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု၊ စက္ကူပသာဒ အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆု၊ မှိုင်းခံစံချိန် အကောင်းဆုံးဆု ရရှိကြသည့် ဝန်ကြီးဌာန ကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများပေး အပ်ချီးမြှင့်သည်။

### ခင်မင်ရင်းနှီးစွာနှုတ်ဆက်

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူး မီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ၏ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနက ဇာတ်တော်ကြီးဖြင့် လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က ဇာတ်သဘင် ဖျော်ဖြေမှုတို့ကို လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားသိုက်မြိုက်စွာဖြင့် လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ အခမ်းအနားတက်ရောက်လာကြသူများ ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များ၌ ရောင်စုံမီးအလှများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများကို တွေ့ရစဉ်။

★ စာမျက်နှာ ၂၄ မှ

ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင် မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ကြရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီး ဟု အဓိပ္ပာယ်ရပြီး "မုန်း"မှာ တောက်ပသည် ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော် လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံသကူ အလှူပြုကြသူများ၊ ပုံသကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကိုတွေ့ရသည်။

အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက် အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ထားမှုကို တွေ့ရစဉ်။



တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း လမ်း၊ အဆောက်အအုံများနှင့် ပန်းအလှသစ်ပင်များ၌ ရောင်စုံမီးအလှများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲ ကျင်းပစဉ်။



မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပစဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြစဉ်။





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်သည်။

## တက်ရောက်

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒေါက်တာဘရွှေ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ပူဇော်ကာ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာ သင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြကာ ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက် ဆက်ကပ်ပူဇော်သည်။ ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မင်္ဂလာစာတမ်းကို ရွတ်ဖတ်ပူဇော်သည်။

## ကပ်လှူပူဇော်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒေါက်တာဘရွှေ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြစဉ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ် လှူဒါန်းခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု အမှူးပြုသည့် ခုနစ်ရက်သားသမီးများက ယခုနှစ်တွင်လည်း ဒုတိယအကြိမ် မသိုးရွှေကြာ သင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ ကြည့်ရှုလေ့လာ





ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်အတွင်းရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်သို့ တက်ရောက်ကြသည်။

## လေ့လာကြည့်ရှု

ဦးစွာ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြပြီး သမိုင်းတင်ခေတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပုဂံခေတ်ဘုရားစေတီများဖြစ်သည့် အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးတို့၏ စကေးကိုက်ပုံစံငယ်များ၊ ဆင်းတုတော်များ၊ စဉ့်ပန်းများ၊ ဗိသုကာဆိုင်ရာ လက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် သီဟာသနပလ္လင်ပြခန်းတွင် ခင်းကျင်းပြသထားသည့် မြန်မာဘုရင်များ အသုံးပြုခဲ့ကြသည့် သီဟာသနပလ္လင်တော်၊ မင်းခမ်းတော် ပစ္စည်းများနှင့် နန်းတွင်း အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုကြ၍ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဧည့်ခံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူက ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် ဘုရင်မင်းမြတ်များ၏ သမိုင်းကြောင်း၊ ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ခင်းကျင်း ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ပြခန်းတစ်ခုချင်းအလိုက် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာ၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

## တက်ရောက်

ညပိုင်းတွင် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော် ပွဲတော်သို့ တက်ရောက်ကြသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။



ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။



ဘူရားတီးရားပြည်နယ်အကြီးအကဲ H. E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ယနေ့တွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် နောက်ဆုံးနေ့ အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ တစ်ခဲနက်ပါဝင်ဆင်နွှဲကြ သည်။

## ကြည်နူးဖွယ်ရာ တွေ့မြင်ရ

ယနေ့သည် တန်ဆောင်မုန်း လပြည့်နေ့နှင့် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီး၏ နောက်ဆုံး ရက်ဖြစ်သည်နှင့်အညီ ဘုရား မုခ်ဦးအပြင် ကားရပ်နားဝင်းများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ကားများ ပြည့်လျှက်ရှိပြီး ယာဉ် ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရား အဝင်၊ အထွက် လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ် တကျဆောင်ရွက်ပေးကာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း မီးထွန်း ပွဲတော်ကြီး၌လည်း တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ဘုရားမုခ်ဦးများ ရှေ့၌လည်း တန်ဆောင်တိုင် မီးထွန်း ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရား ဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေး အတွက် တာဝန်ရှိသူများက လုံခြုံ ရေးအရ လိုအပ်သည့်စစ်ဆေးမှု များ ဆောင်ရွက်ပေးပြီး ပွဲတော် အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိ နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ် တင် ပူဇော်မည့်နေရာများ၊ ဈေး ပွဲတော်နေရာများနှင့် အခြားသွား



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

ရောက် လေ့လာနိုင်မည့် နေရာ များကို အလွယ်တကူသွားရောက် နိုင်ရေးအတွက် လမ်းညွှန်ပြသပေး ကြသည်။ ထို့နောက် တန်ဆောင် တိုင်မီးထွန်းပွဲတော်သို့ လာရောက် ကြသည့် ဘုရားဖူးလာရဟန်းရှင် လူ ပြည်သူများသည် စိတ်အေး ချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင် တော်အတွင်း ဆီမီးကပ်လှူပူဇော် ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော် ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မ သံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

## ကြည့်ရှုလေ့လာ

မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာ အသီးသီး၌လည်း ဘုရားဖူးလာ ပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင် ရွက်နေသည့် လုပ်ငန်းစဉ်အဆင့် ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန် ရောက်ရှိသည့်အခါတွင် တိုင်းရင်းသားရိုးရာ အကအလှ များ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံး များဖြင့် တွဲဖက်၍ ဘုရားဝင်း အတွင်း သတ်မှတ်နေရာများ အလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံ အသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ ကို ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြ ရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများသည် လည်း နေပြည်တော် တန်ဆောင် မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင် စေခဲ့သည့်အပြင် အဆိုပါမီးပုံးပျံ လွှတ်တင်ပူဇော်မှုများကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခဲ့ရာ အကြောင်း အမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ပြည်သူများ ရုပ်မြင်သံကြားမှတစ်ဆင့် ပူဇော် ခွင့်ရရှိခဲ့ကြသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီး များဖြင့် အလှဆင်ပူဇော်ထားရှိ သည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်း ဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြ မည်ဖြစ်သည်။

## အထူးစည်ကားလျက်ရှိ

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွား ရောက်ဖူးမြော်ကြည်ညိုလေ့လာ ကြသည့် ဘုရားဖူးလာပြည်သူ များနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း

စာမျက်နှာ ၁၀ သို့ ✣



မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်နေမှုကို တွေ့ရစဉ်။




ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူအားပေးကြသူများကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



ဇာတ်မင်းသားဖိုးချစ်နှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြစဉ်။

❖ စာမျက်နှာ ၉ မှ

အသေး နေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**ကြိတ်ကြိတ်တိုးစည်ကား**

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့် အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမ ဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့် အပြင် ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**တစ်ခဲနက် ပါဝင်ဆင်နွှဲ**

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ယနေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း ပွဲတော်ကြီးအား စိတ်အားထက်သန်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက်လည်း အထူးစည်ကားများပြားခဲ့ကာ တန်ဆောင်တိုင်ည၏အလှနှင့် ရသကို အပြည့်အဝခံစားနိုင်ခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



စိန်နားပန်မီးပုံးပျံကြီး လွှတ်တင်ပူဇော်မှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ



## ဘန်ဝိုက် ဒူးဒဏ်ရာခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီးနောက် ရှစ်ပတ်ခန့် အနားယူရဦးမည်

**လန်ဒန် နိုဝင်ဘာ ၁၅**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဘန်ဝိုက် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီးနောက် အနည်းဆုံး ၈ပတ်ခန့် အနားယူရဦးမည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံတကာပွဲစဉ်များ



ကြောင့် လိဂ်ပွဲစဉ်များ နားနေစဉ် အချိန်အတွင်း ဒူးဒဏ်ရာအား ခွဲစိတ်မှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘန်ဝိုက် ၈ပတ်ကြာအထိ အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း ခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘန်ဝိုက်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(NGB)**

## နာချို အယ်လ်ကတ်ဆီယာအသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် နိုဝင်ဘာ ၁၅**

ဆော်ဒီကလပ် အယ်လ်ကတ်ဆီယာအသင်း နောက်ခံကစားသမား နာချိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အသင်းဟောင်း ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား နာချိုသည် အယ်လ်ကတ်ဆီယာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၂ပွဲကစားပြီး ခြေစွမ်းပြထားသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နာချိုက "ကျွန်တော် အယ်လ်ကတ်ဆီယာအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းက ကျွန်တော်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါသေးတယ်"ဟု ပြောသည်။

**(NGB)**



## အင်္ဂလန်အသင်းက ဂရိအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၅**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဂရိအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၇မိနစ်တွင် ဝက်စ်ကင်း၊ ပွဲချိန် ၇၈မိနစ်တွင် အိုဂျီဆက်စ်(OG)၊ ပွဲချိန် ၈၃မိနစ်တွင် ကာတစ်ဂျုံးစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၇ ရက်တွင် အိုင်ယာလန်အသင်းနှင့် ထပ်မံ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## နစ္စတယ်လ်ရွိုင်းအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဘန်လေအသင်း ဆွေးနွေး

**လန်ဒန် နိုဝင်ဘာ ၁၅**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းသည် လက်ရှိ အသင်းနည်းပြ စကော့ပါကားအား ရာထူးမှ ထုတ်ပယ်ပြီး နစ္စတယ်လ်ရွိုင်းအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာပုံ)**



ဘန်လေအသင်းသည် နည်းပြ စကော့ပါကားလက်ထက်တွင် ထင်သလောက်ရလဒ် ကောင်းများ မရရှိခဲ့ခြင်းကြောင့် နစ္စတယ်လ်ရွိုင်းအား နည်းပြသစ် အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ နစ္စတယ်လ်ရွိုင်းသည် မန်ချက်စတာယူနိုက်တက်အသင်းအား နည်းပြသစ် အာမိုရင်မ်မခန့်အပ်မီကာလတွင် ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးပြီး ပြိုင်ပွဲ ၄ပွဲ ကိုင်တွယ်ကာ ၃ပွဲနိုင် ၁ပွဲသရေ ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းကြောင့် ဘန်လေအသင်းက နည်းပြသစ် အဖြစ်ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ နစ္စတယ်လ်ရွိုင်းသည် နည်းပြ အာမိုရင်မ် ရောက်ရှိလာပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ နစ္စတယ်လ်ရွိုင်းအား ဘန်လေအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## ရာမို့စ်အား ခေါ်ယူရန် ကိုရင်သီယန်အသင်း ဆွေးနွေး

**လန်ဒန် နိုဝင်ဘာ ၁၅**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်နောက်ခံကစားသမားဟောင်း ရာမို့စ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆီဗီလာ၊ ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သလို၊ အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ကိုရင်သီယန်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား ရာမို့စ်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ကိုရင်သီယန်အသင်း၏ ကမ်းလှမ်းမှု ကိုလက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ကိုရင်သီယန်အသင်းအနေဖြင့် နောက်ခံကစားသမား ရာမို့စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**



## မီလော့စ်ကာကီအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ နိုဝင်ဘာ ၁၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘုန်းမောက်အသင်း နောက်ခံကစားသမား မီလော့စ်ကာကီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း နောက်ခံကစားသမား မီလော့စ်ကာကီ အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ မီလော့စ်ကာကီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် ယနေ့ နံနက်ပိုင်းက ပါရာဂွေးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပါရာဂွေးအသင်းက အာဂျင်တီးနားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* နည်းပြ ဇာဗီအလွန်ဆိုသည်ယခုနှစ်ဘောလုံးရာသီအကုန်တွင် လေဗာကူဆင်အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘိုင်ယန်မြူးနစ်အသင်း ကြယ်ပွင့်ကစားသမား လီရွိုင်းဆာနေးအား ခေါ်ယူရန် ဥရောပထိပ်သီးကလပ်အသင်းများစွာက စောင့်ကြည့်လျက်ရှိသည်။ **(NGB)**

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်-၅ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမကျော့ ရလဒ် |
|---|---|---|---|---|---|
| ၁၆-၁၁-၂၀၂၄ စနေနေ့ | ည ၈း၃၀နာရီ | C | ၁ | အဇာဘိုင်ဂျန် - အက်စ်တိုးနီးယား | အက်စ်တိုးနီးယား ၃-၁ အဇာဘိုင်ဂျန် |
| ။ | ည ၁၁း၃၀ နာရီ | B | ၁ | ဂျော်ဂျီယာ - ယူကရိန်း | ယူကရိန်း ၁-၀ ဂျော်ဂျီယာ |
| ။ | ။ | B | ၄ | မွန်တီနီဂရိုး - အိုက်စလန် | အိုက်စလန် ၂-၀ မွန်တီနီဂရိုး |
| ။ | ။ | B | ၄ | တူကီယဲ - ဝေးလ်စ် | ဝေးလ်စ် ၀-၀ တူကီယဲ |
| ။ | ။ | D | ၂ | အန်ဒိုရာ - မော်လ်ဒိုဗာ | မော်လ်ဒိုဗာ ၂-၀ အန်ဒိုရာ |
| ၁၇-၁၁-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၂း၁၅ နာရီ | A | ၃ | ဂျာမနီ - ဘော့စနီးယား | ဘော့စနီးယား ၁-၂ ဂျာမနီ |
| ။ | ။ | A | ၃ | နယ်သာလန် - ဟန်ဂေရီ | ဟန်ဂေရီ ၁-၁ နယ်သာလန် |
| ။ | ။ | B | ၁ | အယ်လ်ဘေးနီးယား - ချက် | ချက် ၂-၀ အယ်လ်ဘေးနီးယား |
| ။ | ။ | C | ၁ | ဆွီဒင် - ဆလိုဗက်ကီးယား | ဆလိုဗက်ကီးယား ၂-၂ ဆွီဒင် |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၆-၁၁-၂၀၂၄ စနေနေ့ | ညနေ ၆း၃၀ နာရီ | ဘင်္ဂလားဒေ့ရှ် - မော်လ်ဒိုက်စ် |
| ။ | ည ၇း၃၀ နာရီ | နီပေါ - အာဖဂန်နစ္စတန် |

# ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံ လွှတ်တင်ပူဇော်ပွဲ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**မန္တလေး နိုဝင်ဘာ ၁၅**

ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် ပြင်ဦးလွင်မြို့ ဓမ္မရတိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား စေတီရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အခမ်းအနားကို ယနေ့ညပိုင်းက မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်နှင့် မဟာအံ့ထူးကံသာ ဘုရားမြောက်ဥယျာဉ်ယာဉ်ရပ်နားကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်သည့် ဘုရားဖူးပြည်သူများဖြင့် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအံ့ထူးကံသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားစေတီရင်ပြင်တော်ထောင့် ၄ ထောင့်တွင် ဆီမီးများစတင်ထွန်းညှိပူဇော်ကြပြီးနောက် လက်ယာရစ်လှည့်လည်ဖူးမြော်၍ ဆီမီးထွန်းညှိပူဇော်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။


၎င်းနောက် မဟာအံ့ထူးကံသာဘုရားမြောက်ဥယျာဉ်ယာဉ်ရပ်နားကွင်း၌ မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ချစ်မီး(ညမီးကျည်)မီးပုံးပျံ၊ သစ္စာမီး (စိန်နားပန်)၊ မီးပုံးပျံ၊ ပျော်ကြမယ်ဟေ့ (စိန်နားပန်)မီးပုံးပျံ၊ တောင်ပေါ်သားမီး(စိန်နားပန်)မီးပုံးပျံ၊ အောဖိုင်းမီး(စိန်နားပန်)မီးပုံးပျံနှင့် ပြည်ခိုင်ဖြိုး(စိန်နားပန်)မီးပုံးပျံများ၊ ရုပ်အလှမီးပုံးပျံများကို တစ်ပျော်တစ်ပါး ပျော်ရွှင်စွာဖြင့် လွှတ်တင်ပူဇော်နေမှုများ၊ ကျောင်းသား၊ ကျောင်းသူများမှ ပျော်ရွှင်မြူးတူး အကအလှများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုငွေများနှင့် ချီးမြှင့်ခဲ့ကြောင်း၊ ပွဲတော်လာဧည့်ပရိသတ်များ၊ ဒေသခံပြည်သူများ၊ ဘုရားဖူးများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀













သတင်း-စာမျက်နှာ ၁၂





















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထအကြိမ် စုပေါင်းမိုးကျကထိန် အလှူတော်မင်္ဂလာ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ





**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထအကြိမ် စုပေါင်းမိုးကျ ကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံ မြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)၊ မဟာအောင်မြေမြို့နယ် မစိုးရိမ် တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာ တော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ကြီး အမှူးပြုပြီး ပင့်သံဃာတော်များနှင့် ကထိန်ခံ ဆရာတော်၊ သံဃာတော်များ ကြွ ရောက်ချီးမြှင့်တော်မူ၍ မန္တလေး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် အစိုးရ အဖွဲ့ ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီး များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ် များမှ ပါမောက္ခချုပ်များ၊ ကျောင်း အုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်ပြီး တိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက်သစ်၊ ဓမ္မ ဂါရဝကျောင်း ဆရာတော် အဂ္ဂ မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ တိက္ခိန္ဒြိယာဘိဝံသထံမှ ငါးပါး သီလခံယူဆောက်တည်၍ ပရိတ် တရားတော်များ နာယူကြည်ညို ကြသည်။

၎င်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများက ကထိန် ခင်းကျင်းသည့် ကထိန်ခံ ကျောင်း များမှ ဆရာတော်ကြီးများအား ကထိလျာဥတ်သင်္ကန်း၊ ကထိန် သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းကြပြီး ဌာန ဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ် လှူဒါန်းကြပြီးနောက် တိုင်းဒေသ ကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ)မစိုးရိမ်တိုက်သစ်၊ ဓမ္မ ဂါရဝကျောင်း ဆရာတော်ထံမှ ကထိန် အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်ချအမျှပေးဝေ ကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ် သိမ်းခဲ့ကြောင်းနှင့် ယနေ့ အခမ်း အနား၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးခရိုင်အတွင်းရှိ ကထိန်ခံ ၃၇ ကျောင်းအတွက် စုစုပေါင်း ငွေကျပ် ၅၈၂၇၁၃၀၀ လှူဒါန်းခဲ့ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

## မိတ္ထီလာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းဘုံကထိန် လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်း မြို့နယ်၊ ရွှေကူကျေးရွာ ရွာဦး ကျောင်းအတွင်း ပုရိမဝါမှ ထမြောက်တော်မူကြကုန်သော သံဃာတော်များအား ရည်စူး ၍ မိတ္ထီလာခရိုင်နှင့် မိတ္ထီလာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစု၏ စုပေါင်းဘုံကထိန်ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် ကျင်းပသည်။

အဆိုပါ စုပေါင်းကထိန် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား တွင် နိုင်ငံတော်ဗဟိုသံဃဝန် ဆောင် မိတ္ထီလာမြို့ ပါဠိ တက္ကသိုလ် ဥယျာဉ်ကျောင်း တိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ထံမှ ငါးပါးသီလခံယူဆောက် တည်ခြင်းအား ခရိုင်အုပ်ချုပ် ရေးမှူး ဦးဇော်တင်မိုးနှင့် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်အောင် လေးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ခံယူ ဆောက်တည်ကြပြီး ရေစက်ချ တရားတော်များကို နာယူ ကြည်ညိုကြသည်။

ဆက်လက်၍ ပင့်သံဃာ တော်များထံသို့ ကထိန်လျာ သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်း များနှင့် ဆွမ်းဘောဇဉ်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန် ရှိသူများက ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

**(၄၅၃)**

## တန်ဆောင်တိုင်စာအုပ်ဈေးရောင်းပွဲတော် ကျုံးအရှေ့ဘက်တွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၅**

ထိပ်ထားလှိုင်စာပေ(မန္တလေး) ၏ စီစဉ်မှုဖြင့် တန်ဆောင်တိုင် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင် ဘာ ၁၅ ရက် တန်ဆောင်မုန်း လပြည့်နေ့မှ နိုဝင်ဘာ ၁၇ ရက် အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ကျုံးအရှေ့ ဘက် ၁၄ လမ်းနှင့် ၆၆ လမ်း အလုပ်သမား ဆေးရုံကြီးအနီးတွင် ကျင်းပရာ စာပေချစ်သူများနှင့် စည်းကားလျက်ရှိသည်။

စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ပိုင်းတွင် စတင်ကျင်းပရာ စာပေ ချစ်သူများအတွက် မေတ္တာလက် ဆောင်အဖြစ် စာအုပ်များ ကံစမ်း မဲဖောက်ပေးခဲ့သည်။

မန္တလေးမြို့ ကျုံးအရှေ့ဘက် ၌ တန်ဆောင်မုန်းလပြည့်နေ့ တွင် လည်ပတ်သူများနှင့် စည် ကားသလို စာပေချစ်သူများက လည်း စာအုပ်ဈေးရောင်းပွဲတော် တွင် စာအုပ်ဝယ်ယူသူများဖြင့် စည်းကားလျက်ရှိကြောင်း သိရ သည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## စိုက်ပျိုးရေးမျိုးစေ့ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**တမူး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စိုက် ပျိုးရေးမျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တမူးမြို့ နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားပြီး တမူးခရိုင်၊ စိုက်ပျိုး ရေးဦးစီးမှူးဦးလှမြင့်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသိန်း တို့က စိုက်ပျိုးရေးမျိုးစေ့၊ ပျိုးပင် များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ခဲ့ကြပြီး တက်ရောက်လာကြ သည့် တောင်သူများအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာန ဆိုင်ရာများမှ နေကြာ၊ ပိုက်ဆံ လျှော်မျိုးစေ့များနှင့် စိန်တလုံး သရက်၊ မျောက်ငို၊ ကွမ်းသီး၊ သံပရာ၊ ကင်ပွန်းချဉ်နှင့် ကော်ဖီ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခဲ့ ကြသည်။

ဆက်လက်၍ နေကြာ ပန်း တိုင်အထွက်နှုန်းတိုးတက်ရေး အတွက် ဟောပြောပွဲပြုလုပ်ရာ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မြမြစိုး နှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မိုးမိုးတို့က နေကြာသီးနံ့ ပန်း တိုင်အထွက်နှုန်းတစ်ဧက တင်း ၅၀ ရရှိရေး စိုက်ပျိုးနည်းစနစ် များနှင့် သဘာဝမြေဩဇာပြုလုပ် သုံးစွဲရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ဖြင့်ရရှိနိုင်သော အကျိုးကျေးဇူး များကို ရှင်းလင်းပြောကြားခဲ့ သည်။

အဆိုပါအခမ်းအနားသို့ မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီး မှူးများနှင့်ဝန်ထမ်းများ၊ ဒေသခံ တောင်သူများတက်ရောက်ခဲ့ကြ ပြီး အခမ်းအနားအပြီးတွင် မြို့ နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုး သိန်းမှ သံပရာ၊ သရက်ကိုင်းကူး နည်း၊ ကိုင်းဆက်နည်းများကို လက်တွေ့ပြသပေးခဲ့ပြီး အသိ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း နိုဝင်ဘာ ၁၅**

စစ်ကိုင်းခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် ၃ ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များစသည့် သိကောင်းစရာများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက အနာဂတ်တွင် နိုင်ငံတော်မှ အားထားရမည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗဟုသုတနှင့်ပြည့်စုံစေရန်၊ အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ဖန်တီးကြရေးစသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် စစ်ကိုင်းခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူလေးများအား အခမဲ့ငှားရမ်းပေးခဲ့ပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲတို့ကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

# လူငယ်စကားဝိုင်း ကျင်းပ

**သာစည် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ ဗဟုသုတနှင့်ပြည့်စုံပြီး လူအများရှေ့ စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲက ယင်းမာပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မြတ်မြင့်မိုရ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက လူငယ်စကားဝိုင်းကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်း ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ Grade-11 မှ မောင်ထွန်းလင်းအောင်က လူငယ်နှင့်မူးယစ်ဆေး၊ မောင်ကျော်ခိုင်ဖြိုးက လူငယ်နှင့်ကျန်းမာရေး၊ မရွှေရည်ထွန်းက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-10 မှ မောင်ရှိုင်းထက်အောင်က လူငယ်နှင့်အားကစား၊ မယွန်းချယ်ရီခိုင်က လူငယ်နှင့်ပညာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက အဆိုပါခေါင်းစဉ်များနှင့်ပတ်သက်၍ မိမိတို့အတွေးအမြင်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၄၈၇)**



# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရွာမဓမ္မာရုံနှင့် ရပ်ကွက်ကြီး(၅) ပြည်တော်သာလမ်း ဓမ္မာရုံတို့၌ ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူးများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူးများနှင့်တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Oral Cholera Vaccine-OCV)အား စတင်တိုက်ကျွေးခဲ့သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးရာတွင် ပြည်သူလူထု ၂၇၅ ဦးအား တိုက်ကျွေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံက သိရသည်။ **(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# နှလုံးရွှင်ပြုံး တန်ဆောင်မုန်း

* မြို့ရွာတွင်ပ၊ ခေါ်ကြရာသီ
စန်းနက္ခတ်ဘိ၊ ကြတ္တိကာတည်
ကျိုးတာရာလွှမ်း၊ တင့်ဆန်းဂုဏ်ရည်
စောင့်ရပ်က၊ ကင်းမလက်မည်းမည်။

* နတ်ပြည်တည်ထား၊ ဘုရားဆံတော်
စူဠာမဏိ၊ ထွန်းညှိပူဇော်
ရောင်စုံလျှံညီး၊ ဆီမီးလွှမ်းသော်
ထူးမြတ်လ၊ ရွှင်ပျအေးချမ်းပျော်။

* တန်ဆောင်မုန်းလ၊ မြူလျှသာယာ
ခဝဲပန်းပွင့်၊ ပင်ဆင့်ဝေဆာ
လယ်ယာစပါး၊ မှည့်အားရွှေဝါ
ရိတ်သိမ်းလျက်၊ ပြည့်တွက်ကျိရိက္ခာ။

* ကထိန်သင်္ကန်း၊ လှူဒါန်းပို့ဆောင်
သံဃာဦးချ၊ ကပ်ကြရအောင်
အကျိုးငါးပါး၊ ခံစားတောက်ပြောင်
ကောင်းမြတ်ခြင်း၊ လက်ငင်း၍လှူဘောင်။

* တစ်နှစ်တည်းမှ၊ တစ်လတာမယ်
တစ်လကြုံလျက်၊ တစ်ရက်မှာရယ်
လှူဒါန်းရက်ကောင်း၊ တစ်ကျောင်းမှာကွယ်
ကထိန်ခင်း၊ လှူခြင်းနိဗ္ဗာန်ရွယ်။

* ကထိန်လှူပွဲ၊ လက်တွဲပါဝင်
ကုသိုလ်ပြုရေး၊ မနေးစွာပင်
နိဗ္ဗာန်ရည်မှန်း၊ လှူဒါန်းအစဉ်
ပျော်ရွှင်ပြုံး၊ နှလုံးအေးမြယဉ်။

* တို့မြန်ပြည်ကွယ်၊ လင်းလဲ့ထိန်ဝေ
ရောင်စုံယှက်သန်း၊ လျှပ်ပန်းစည်နေ
တန်ဆောင်မုန်းလ၊ ကြုံကြရပေ
အေးချမ်းပေ၊ ပျော်မွေ့လပါလေ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိ





မန္တလေး နိုဝင်ဘာ ၁၅

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် မြို့လုံးအနှံ့ စည်ကားလျက်ရှိသည်။

နံနက်အရုဏ်တက်ချိန်မှစတင်၍ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဥာနဆိုင်ရာအသီးသီးတို့မှ ကထိန်သင်္ကန်းကပ်လှူခြင်းတို့ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ကုသိုလ်ပြုပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ပဒေသာပင်များကို သက်ဆိုင်ရာ ကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေးကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော်ဆက်ကပ်လှူဒါန်းကာ ရဟန်းရှင်လူပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်းပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ကြခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ ဝေရောစနကျောက်စိမ်းစေတီတော် စသည့်တန်ခိုးကြီးဘုရားစေတီတို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကြခြင်းအပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရကျွေးမွေး ကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှုစိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံသကူ လိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်သည့် ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ရွှေမန်း-မျိုးသန့်**









# ၂၇နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း

အောင်မင်းဦး(မန္တလေးနေ့စဉ်)



(၁၃-၁၁-၂၀၂၄) စာမျက်နှာ ၁၇မှ အဆက်–

**မန္တလေးနေ့စဉ်သတင်းစာထုတ်ဝေရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အဆင့်သတင်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာ သတင်းများ၊ မြို့ပေါ်နှင့် နယ်သတင်းများ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဆောင်ရွက်ချက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၏ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ကြေညာချက်များ၊ ကြော်ငြာလုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ နိုင်ငံတကာသတင်းများ၊ အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်စေရန်၊ မန္တလေးမြို့နေ ပြည်သူလူထုနှင့်အမြဲထိတွေ့ဆက်ဆံပြီး အခက်အခဲများ ကူညီဖြေရှင်းလျက် မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခြင်း ဖြစ်ပါတယ်။**

**မျက်မှောက်ခေတ်တွင် ပြည်သူများသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အမြဲမပြတ်လေ့လာဖတ်ရှုကာ အသိအမြင်ဗဟုသုတများ ဆည်းပူးနေကြသည့် သတင်းစာသည် ပြည်သူလူထုအား သတင်းဖြန့်ချိပေးရာ၊ အသိပညာပေးရာ၊ စည်းရုံးရေးလက်နက်ကောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သတင်းစာက နိုင်ငံတစ်ခုအတွက် မရှိမဖြစ် လူထုဆက်သွယ်ရေး ကိရိယာဖြစ်ပါတယ်။**

၁၉၉၇ခုနှစ် နိုဝင်ဘာလမှာ တစ်ရက်ခြား တစ်ကြိမ် မန္တလေးနေ့စဉ် အစမ်းထွက်တဲ့ကာလ ပိုပြီးဂရုစိုက်ရပါတယ်။ အဲဒီတုန်းက သတင်းစာ အစမ်းထွက်တာ ၁၂ မျက်နှာထဲပါ။ ၁၂မျက်နှာ အစမ်းဆိုပေမယ့် နိုင်ငံတော်သတင်း၊ မြို့ပေါ်နယ် သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာတွေနဲ့ ပြီးပြည့်စုံတဲ့ အစမ်းထွက်တဲ့သတင်းစာ ဖြစ်ပါတယ်။ နိုဝင်ဘာလထဲမှာပဲ သတင်းထောက် အဖွဲ့တွေကို စီမံရေးရာဌာနက ကင်မရာထုတ်ဖို့ အကြောင်းကြားလာပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့သတင်းစာတိုက်က စီမံရေးရာဌာနအောက် ဖြစ်ပြီး ကော်မတီအနေနဲ့ ကြီးကြပ်ညွှန်ကြားတာကတော့ ညွှန်ကြားရေးမှူးဦးဖေခင်ဖြစ်ပါတယ်။ ကျွန်တော်တို့ကို အုပ်ချုပ်တဲ့ အရာရှိတွေကတော့ ဦးစိုးမျိုးအေး၊ ဦးသန်းထိုက်ကျော်တို့ပဲ ဖြစ်ပါတယ်။ ကင်မရာထုတ်ပေးတဲ့ စီမံရေးရာဌာနကို သတင်းထောက်အဖွဲ့ရောက်ရှိပြီး ဖလင်ကင်မရာ Nikon FM10 တွေကို သတင်းထောက်အဖွဲ့ခုနစ်ဦးကို ထုတ်ပေးခဲ့ပါတယ်။ ကင်မရာအသစ်စက်စက်ကို ကိုင်ကြည့်ပြီး အတွေးတစ်ခုဝင်လာတယ်။ မီဒီယာ လက်နက်ကိုင်ခွင့်ရပြီ မိမိကိုယ်တိုင် တာဝန်ကျေဖို့ပဲ လိုတော့တယ်လို့ခံစားရတယ်။ ဘာပဲဖြစ်ဖြစ်လေ ဆရာဦးငွေအောင် သုံးနေကြစကားလုံးရှိတယ်။ Duty is Duty တဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်ရတော့မယ်။ ၁၉၉၇ ခုနှစ်လောက်က ဖလင်ကင်မရာတွေအကြောင်းကို အနည်းငယ် ပြောပြလိုပါတယ်။ အဲဒီခေတ်တွေက သတင်းထောက်တွေကော၊ ဓာတ်ပုံဆရာတွေရိုက်တဲ့ ကင်မရာ အမျိုးအစားတွေကတော့ မင်ဂါကင်မရာ၊ ကိုစီနာ ကင်မရာ၊ ပန့်တက်စ်ကင်မရာ၊ ဆီးဂဲလ်ကင်မရာတို့ ဖြစ်တယ်။ ဒါက မှတ်မိသလောက်ရှိတဲ့ကင်မရာတွေ ဖြစ်ပါတယ်။ ကင်မရာလက်ထဲရောက်လာတော့ မျောက်အုန်းသီးရတဲ့အနေအထားပေါ့၊ အလွန် ပျော်ဖို့ကောင်းတယ်။ အဖြူအမည်းဖလင်ကင်မရာ ထဲထည့်ပြီး သတင်းပုံတွေရိုက်မယ်၊ မန္တလေးမြို့ အထင်ကရသမိုင်းဝင်နေရာတွေရိုက်မယ်၊ ရှုခင်းတွေ ရိုက်မယ် အစရှိသည်ဖြင့် လက်သွေးရမယ့်အချိန် ရောက်လာပြီဖြစ်တယ်၊ သတင်းစာအစမ်း ထွက်တဲ့ ကာလမှာ ကျွန်တော့်ကို တာဝန်ပေးထားတာက မှုခင်းသတင်း၊ အားကစားသတင်း၊ ဘူတာရုံခရီးစဉ် သတင်းတွေ ဖြစ်ပါတယ်။ အားကစားနဲ့ ဘူတာရုံ သတင်းက သတင်းယူရတာ အခက်အခဲ မရှိပေမယ့်၊ မှုခင်းသတင်းကတော့အခက်အခဲတွေ ရှိပါတယ်။ မှုခင်းသတင်းက ရေးတာမှားရင် ရှင်းလင်းရတာ ခက်ခဲသလို အန္တရာယ်လည်းများပါတယ်၊ အဲဒီအချိန်တုန်းက မှုခင်းသတင်းဦး၊ သတင်းထူးတွေကို တာပွန်ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ သတင်းစာအစမ်းထွက်တဲ့ကာလမှာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ သတင်းများ၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ကော်မတီဝင်များ၏သတင်းများ၊ တိုင်းအဆင့်ဌာနဆိုင်ရာသတင်းများ၊ မြို့ပေါ်၊ နယ်မြို့များ၏ သတင်းများ၊ အားကစားသတင်းများ၊ မှုခင်းသတင်းများ ပါဝင်ခဲ့ပါတယ်။ သတင်းစာက အစမ်းထွက်တာ ဖြစ်ပေမယ့် ကဏ္ဍစုံ လင်အောင်ဖော်ပြနိုင်ခဲ့ပါတယ်။

၁၉၉၇ခုနှစ်၊ နိုဝင်ဘာ ၂၉ရက် ည ၇နာရီမှာ စာဆိုတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးနေ့စဉ်သတင်းစာတိုက် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမတွင် ကျင်းပခဲ့ပါတယ်။ ဖွင့်ပွဲအခမ်း အနားကို ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်မှူးချုပ်လှန်းမောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး၊ မန္တလေးမြို့စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်နှင့်ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ စာရေးဆရာများ၊ မန္တလေးနေ့စဉ်ဝန်ထမ်းများ စုံညီစွာတက်ရောက်ကြပြီး မန္တလေးနေ့စဉ်သတင်းစာတိုက်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။



မန္တလေးနေ့စဉ်သတင်းစာက ကျွန်တော့်ဆရာတွေရဲ့သွေးတွေ၊ ချွေးတွေနဲ့ တည်ဆောက်ခဲ့ရတာမို့ ကျွန်တော်အခုချိန်ထိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှာပဲ ပင်စင်ယူတယ်ထိ လုပ်ဆောင်သွားမှာပါ အထူးသဖြင့် ကျွန်တော့်ကို ဘက်ပေါင်းစုံကနေ သတင်းစာပညာတွေ သင်ကြားပေးခဲ့တဲ့ ဆရာနတ်မောက်ထွန်းရှိန်ကို တစ်သက်မမေ့သလို ယနေ့အထိ ကျေးဇူးလည်းတင်လျက်ပါ။ ဆရာနတ်မောက်ထွန်းရှိန်က သူ့ရဲ့ သတင်းစာပညာကို သင်တန်းတွေပေးပြီး သင်ကြားပေးခဲ့တာ မဟုတ်ပါဘူး၊ ဆရာကတည်ငြိမ်တယ်၊ စကားပြောနည်းတယ်။ ဆရာက လက်တွေ့မြေပြင်ကွင်းဆင်းတဲ့ သတင်းစာဆရာမို့ စာတွေ့ထက်စာရင် လက်တွေ့ကို ဦးစားပေးသင်ကြားပေးခဲ့လို့ ဆရာရဲ့ပညာအမွေဆက်ခံတဲ့ကျွန်တော် ယနေ့အထိ ဆရာချစ်တဲ့ မန္တလေးနေ့စဉ်သတင်းစာမှာ စာတည်းမှူးတာဝန်ကိုယူရင်း တာဝန်များကိုကျေပွန်စွာထမ်းဆောင်လျက် ရှိပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**





# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသား လေးဦး(စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်း တစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀ (တန်ဖိုးငွေကျပ် ၁၁၂ သိန်းခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် တာချီလိတ် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင် များက လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိနေထိုင် လျက်ရှိသည့် အငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန် ကြိုးစားသဖြင့် ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ဖန်လီ(၃၄)နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်တစ်စီး၊ လုယက်မှုကျူးလွန် ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရ မိခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက် ထုတ်နိုင်ငံပိုင်သတင်းစာများ၌ သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။

အမှုမှ လူသတ်လုယက်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးအား သိမ်းဆည်းရမိနိုင်ရေး နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ဒေါ်တွမ်





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက် ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိမှုမှတ်တမ်း ဓာတ်ပုံ။

ရွှေရှန်း(စိစစ်ဆဲ)ပိုင်ဆိုင်သည့် အိမ်အမှတ်(ပလ-၂/၆၆၂)အား သတင်း အရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်၌ လူနေထိုင်ခြင်းမရှိဘဲ ဧည့်ခန်း အတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHN/10109 Wave-110 ဆိုင်ကယ်နှင့် SHN/10543 Wave-110 ဆိုင်ကယ် နှစ်စီး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး နေအိမ်အား အသေးစိတ်စစ်ဆေး ရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းရှိ အိမ်သာမျက်နှာကြက်ပေါ်မှ အမေရိကန် နိုင်ငံထုတ် M-4 Carbine CAL 5.56 MM အမျိုးအစားသေနတ် လေးလက်၊ ၎င်းကျည်အတောင့် ၁၃၀၊ ကျည်အိမ်နှစ်ခု၊ ချက်နိုင်ငံထုတ် CZECH REPUBLIC 9MM CZ အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ AK- 47 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၇၈ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ထိပ် သုံးကွင်း၊ ပြောက်ကျား အစိမ်းရောင်ယူနီဖောင်းသုံးစုံ၊ ပြောက်ကျားဦးထုပ်ဝိုင်း ငါးလုံး၊ အစိမ်း ရောင်လည်တိုဖိနပ် နှစ်ရန်၊ ပြောက်ကျားအစိမ်းရောင်မိုးကာ ငါးထည်၊ အနက်ရောင်ခေါင်းစွပ် နှစ်ခု၊ သေနတ်တိုက်တံ နှစ်ချောင်း၊ သေနတ် တိုက်ဆီ လေးဘူးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Thitsar Nway Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက်နေ တင့်လွင်အား ည ၉ နာရီ မိနစ် ၂၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် ကျော်ရဲအောင်(ခ)အောင်ဇေ မောင်းနှင်ပြီး ဝင်းနိုင်လင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၃ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ရဲအောင်(ခ)အောင်ဇေ (၃၃)နှစ်နှင့် ဝင်းနိုင်လင်း(၂၄)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံအမျိုးသမီးသုံးဦးကို သတ်ဖြတ်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နှောကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ဒေသခံအမျိုးသမီးသုံးဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ RFA Burmese က သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါ သတင်းမှာလည်း သတင်းအမှားသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၁၀ ရက် ညနေ ၅နာရီ ၅၅ မိနစ်က မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းသူရ(ခ) ရာဇာမြင့် မောင်းနှင်ပြီး မစိန်းမြနှင့် မမျိုးသူဇာလှိုင်(ခ) သူဇာတို့ လိုက်ပါလာသော သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၄ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဂမ်ဒီး(ခ) ဂမ်အောင်အား မိုးညှင်းမြို့၊ အောင်သပြေ (၁)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ ပြား၊ TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းသူရ(ခ)ရာဇာမြင့် (၂၃)နှစ်၊ မစိန်းမြ(၆၄)နှစ်၊ မမျိုးသူဇာလှိုင်(ခ)သူဇာ(၃၂)နှစ်နှင့် ဂမ်ဒီး(ခ) ဂမ်အောင်(၃၄)နှစ်တို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နဝမမြောက် ပြင်ဆင်ထုတ်ဝေသော ပြင်သစ်အဘိဓာန် သမ္မတ အီမန်နျူယယ်လ်မာခရွန် လက်ခံရယူ



**ပဲရစ် နိုဝင်ဘာ ၁၅**

နဝမမြောက် ပြင်ဆင်ထုတ်ဝေသော ပြင်သစ်အဘိဓာန်ကို နိုဝင်ဘာ ၁၄ ရက်တွင် ပြင်သစ်အဘိဓာန်ပြုစုရေးကော်မတီက အပ်နှင်းရာ သမ္မတ အီမန်နျူယယ်လ်မာခရွန် လက်ခံရယူခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘာသာဗေဒပညာရှင် အမျိုးသား၊ အမျိုးသမီးပေါင်း ၄၀ ဦး စုစည်းကာ နှစ် ၄၀ ကြာ တည်းဖြတ်ခဲ့ရသော အဆိုပါ ပြင်သစ်အဘိဓာန်တွင် ဝေါဟာရသစ် ၂၁၀၀၀ ပါဝင်သည်ဟု ဆိုသည်။

ပြင်သစ်အဘိဓာန်ပြုစုရေးကော်မတီဝင်များသည် အပတ်စဉ်ကြာသပတေးနေ့ နံနက်တိုင်း တွေ့ဆုံကာ အဓိပ္ပာယ်ဖွင့်ဆိုမှုများနှင့်ပတ်သက်၍ ညှိနှိုင်းကာ ပြင်ပပညာရှင်များ၏ အကြံပြုချက်များလည်း ရယူခဲ့ကြောင်း သိရသည်။

**Mon**



အမေရိကန်ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဝန်ကြီးအဖြစ် ခန့်အပ်ရန် ဒေါ်နယ်လ်ထရမ့်၏ လျာထားခြင်းခံရသော ရောဘတ်အက်ဖ်ကနေဒီကို တွေ့ရစဉ်။ **Mon**

## ကလေးသူငယ်လက်ထပ်ခြင်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရန် ကိုလံဘီယာလွှတ်တော်က မဲပေးပြီး အတည်ပြုလိုက်ပြီ



**ဘိုဂိုတာ နိုဝင်ဘာ ၁၅**

ကလေးသူငယ်လက်ထပ်ခြင်းဥပဒေပြင်ဆင်ပြဋ္ဌာန်းရန်အတွက် ကိုလံဘီယာလွှတ်တော်က မဲပေးပြီး အတည်ပြုလိုက်ပြီဖြစ်ကြောင်း စီအင်အင်န်သတင်းဌာနက ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံတွင် ကျင့်သုံးသော မူလကလေးသူငယ်လက်ထပ်ခြင်းဥပဒေအရ မိဘများသဘောတူလျှင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးများ လက်ထပ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းခဲ့သည်။

မိန်းကလေးများ အသက် ၁၈ နှစ်ပြည့်မှ လက်ထပ်ခွင့်ရှိသည်ဟု ယခုပြင်ဆင်လိုက်ရာ ကိုလံဘီယာသမ္မတ ဂူစတာဗိုပေထရို လက်မှတ်ရေးထိုးပြီး အတည်ပြုပြဋ္ဌာန်းရန်သာ လိုတော့သည်။

အသက်မပြည့်သေးသော မိန်းကလေးများသည် လိင်ဖျော်ဖြေရေးပစ္စည်းများ မဟုတ်ကြောင်း အမျိုးသမီးလွှတ်တော်အမတ် ကလယ်ရာလိုပက်ဇ်အိုဘရေဂွန်က ထုတ်ဖော်ပြောကြားသည်။

တစ်ကမ္ဘာလုံး၌ တစ်နှစ်လျှင် အသက်မပြည့်သေးသော မိန်းကလေးပေါင်း ၁၂ သန်းခန့် ထိမ်းမြားလက်ထပ်နေရသည်ဟု ကုလသမဂ္ဂယူနီဆက်အဖွဲ့အစည်းက မှတ်တမ်းတင်ထားကြောင်း သိရသည်။

**Mon**

## ကမ္ဘာ့အကြီးဆုံး ပင်လယ်ကမ်းလွန် နေစွမ်းအင်စခန်း တရုတ်နိုင်ငံ ရှန်တောင်းပြည်နယ်၌ တည်ဆောက်နေ

**ပေကျင်း နိုဝင်ဘာ ၁၅**

ကမ္ဘာ့အကြီးဆုံး ပင်လယ်ကမ်းလွန် နေစွမ်းအင်စခန်းကို တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ရှန်တောင်းပြည်နယ် ဒုန်ယင်းမြို့ ကမ်းရိုးတန်း၌ တည်ဆောက်နေကြောင်း အီလက်ထရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စီအိတ်ခ်ျအင်နစ်စွမ်းအင်ကုမ္ပဏီအုပ်စု လက်အောက်ခံ ကိုဟွားစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက ပင်လယ်ကမ်းလွန်နေစွမ်းအင်စခန်းတည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပင်လယ်ကမ်းရိုးတန်းမှ ၅ မိုင်ခန့်အကွာ ရေပြင်ထဲရှိ ၂၀၂၃ ဧကကျယ်ဝန်းသော ကွက်လပ်တွင် တစ်ချပ်လျှင် အလျား ၁၉၇ ပေ၊ အနံ ၁၁၅ ပေရှိသော နေစွမ်းအင်ပြားများကို ချိတ်ဆက်တပ်ဆင်ထားသည်။

ထိုနေစွမ်းအင်အခြေပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစခန်းမှ ရရှိသော လျှပ်စစ်ကို ၆၆ ကီလိုဗို့ ဓာတ်ကြိုးများဖြင့် ကမ်းရိုးတန်းတစ်လျှောက်သွယ်တန်းကာ နှစ်စဉ် ဓာတ်အား ၁ ဒသမ ၇၈ ဘီလီယံကီလိုဝပ် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ၂၀၂၃ ခုနှစ်အတွင်း ဝက်သက်ရောဂါကူးစက်ခံရသူ ၁၀ သန်းအထိ တိုးမြင့်လာသည်ဟု ကုလသမဂ္ဂ သတိပေး

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

၂၀၂၃ ခုနှစ်အတွင်း ဝက်သက်ရောဂါကူးစက်ခံရသူ ၁၀ သန်းကျော်အထိ တိုးမြင့်လာသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးအစီရင်ခံထားကြောင်း စီအင်အင်န်သတင်းဌာနက ဖော်ပြသည်။


ဝက်သက်ရောဂါကူးစက်ခံရသူ ၁၀ ဒသမ ၃ သန်းခန့်အထိ ရှိလာရာ ၂၀၂၂ ခုနှစ်ကနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း တိုးမြင့်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။

၂၀၂၃ ခုနှစ်က အသက် ၆ နှစ်အောက် ကလေးအများစုပါဝင်သော လူပေါင်း ၁၀၇၅၀၀ ဦး ထိုရောဂါကြောင့် သေဆုံးခဲ့ရသည်။

ဝက်သက်ရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး ကူးစက်ရောဂါဖြစ်ရာ ကလေးသူငယ် ၉၅ ရာခိုင်နှုန်းကို ဝက်သက်ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးရမည်ဟု ဆိုသည်။

ဝက်သက်ရောဂါကာကွယ်ဆေးသည် လွန်ခဲ့သော နှစ် ၅၀ အတွင်း အခြားကာကွယ်ဆေးများထက် လူပေါင်းများစွာတို့၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ်စ်က ပြောကြားကြောင်း သိရသည်။

**Mon**





## ဂျပန်ဘုရင်၏အဒေါ်တော်စပ်သော မိကဆမင်းသမီး ၁၀၁ နှစ်အရွယ်တွင် ဆေးကုသမှုခံယူရင်း ကွယ်လွန်

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်ဧကရာဇ် နာရူဟီတို၏ အဒေါ်တော်စပ်သော မိကဆမင်းသမီးသည် ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူရင်း နိုဝင်ဘာ ၁၅ ရက်က အသက် ၁၀၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၁၉၂၃ ခုနှစ်၊ ဇွန်လ ၄ ရက်က မွေးဖွားခဲ့သော ယုရိကော တကာဂိသည် အသက် ၁၈ နှစ်အရွယ်တွင် ဂျပန်ဧကရာဇ် ဟီရိုဟီတို၏ညီတော် မိကဆနှင့် လက်ဆက်ပြီးနောက် မိကဆမင်းသမီးဟု အမည်တွင်ခဲ့သည်။

ဂျပန်တော်ဝင်မိသားစုတွင် လက်ရှိအသက်အရွယ်အကြီးဆုံးဖြစ်သော မိကဆမင်းသမီးသည် လေဖြတ်ကာ အဆုတ်အအေးမိရောဂါရနေသဖြင့် ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဒမတ်စကတ်မြို့တော်ရှိ လူနေအဆောက်အအုံများကို အစ္စရေးတိုက်ခိုက်မှုကြောင့် လူ ၁၅ ဦးထက်မနည်း သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၁၅**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်ရှိ လူနေအဆောက်အအုံများကို အစ္စရေးဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး ၁၆ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ဖော်ပြသည်။

ပါလက်စတိုင်းအစ္စလာမ္မစ်ဂျီဟတ်လက်နက်ကိုင်များကို မိမိတို့ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ၄င်းတို့ဘက်တွင် ကျဆုံးမှုရှိခဲ့သည်ဟု အစ္စရေးဘက်က ထုတ်ပြန်ကြေညာသည်။

အဆိုပါ အစ္စလာမ္မစ်ဂျီဟတ်လက်နက်ကိုင်များသည် ဂါဇာကမ်းမြောင်ဒေသတွင် အခြေစိုက်သော အကြမ်းဖက်အုပ်စုမှဖြစ်ကြောင်း ထိုကြေညာချက်တွင် ဖော်ပြသည်။

ထိုအုပ်စုမှ လက်နက်ကိုင်အချို့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးဘက်သို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရာတွင် ဟားမတ်စ်တို့နှင့် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**Mon**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၈)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်လျူဟွေဖုန်း အမည်ပေါက်ရှိသော ဂရန်မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လျူဟွေဖုန်း(ဘ)ဦးလျူကွတ်ကျင်း(၁၃/လရန(နိုင်)၀၅၆၃၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ မဟာဧေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ (၁၅×၄၅)ပေအကျယ်အဝန်းရှိ ဒေါ်သီသီမြင့် အမည်ဖြင့်ချထားရရှိထားသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ် အဆောက်အအုံ ရေ+မီးအစုံအလင်၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့နှင့်တကွ ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အရပ်ကတိအရောင်း အဝယ်စာချုပ်+ နိုတြီပါဝါအဆင့်ဆင့်တို့အရ ဝယ်ယူပိုင်ဆိုင်ကာ တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်မျိုးလွင်(ဘ)ဦးမောင်ဦးမြ(၁၁/မဥန(နိုင်)၀၆၀၀၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ များ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုပြစာရွက် စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဌေးဌေးဦး(LL.B)     ဒေါ်နိုင်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၅၁၃/၃)၊ ကျုန်းမာရေးရပ်၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၁၀၂၆၁၈၉၊ ၀၉-၄၄၄၀၂၆၁၈၉၊ ၀၉-၇၈၀၆၉၂၆၇၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက် အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၃၀-က)၊ (၁၅×၄၅)ပေ အကျယ်အဝန်းရှိ ဦးလွန်းမောင်အမည်ဖြင့် ချထားရရှိထားသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်အဆောက်အအုံ၊ ရေ+မီး အစုံအလင်၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့နှင့်တကွ ယင်းမြေကွက်၏နေထိုင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အရပ်ကတိအရောင်းအဝယ်စာချုပ်+နိုတြီပါဝါအဆင့်ဆင့် တို့အရ ဝယ်ယူပိုင်ဆိုင်ကာ တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြတ်ဆု မီမီပိုင်ချစ်(ဘ)ဦးမောင်မောင်လွင်(၉/ခအဇ(နိုင်)၀၁၇၂၅၀)(၄င်း၏ကိုယ်စားတာဝန်ခံလက်မှတ်ရေးထိုး ရောင်းချသူ ဦးပိုင်ဦးလတ်(ဘ)ဦးအောင်ကျော်ဇင်(၁၃/မဆတ(နိုင်)၀၅၉၉၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုပြစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဌေးဌေးဦး(LL.B)     ဒေါ်နိုင်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၅၁၃/၃)၊ ကျုန်းမာရေးရပ်၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၁၀၂၆၁၈၉၊ ၀၉-၄၄၄၀၂၆၁၈၉၊ ၀၉-၇၈၀၆၉၂၆၇၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၂)၊ ဦးပိုင်အမှတ်(၆၉-က)ဟု ခေါ်တွင်သော မြေဧရိယာ(၁၅×၄၅)ပေ အကျယ်ရှိ ဦးစိန်ဌေး(ဘ)ဦးဖိုးကောင်း AE-၀၆၂၁၈၁ အမည်ဖြင့် မန္တလေးမြို့၊ မြို့ကွက်သစ်ဖော်ထုတ်မြေနေရာ ချထားရေးအဖွဲ့မှ မြေနေရာချထားပေးသည့် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ရရှိ ဝယ်ယူပိုင် ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူ ဒေါ်ခင်ဝင်း(ဘ) ဦးကျော်ညွန့်(၉/ခအဇ(နိုင်)၁၆၀၀၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဦး(ဘ)ဦးသောင်း ဆိုင်(၉/မနတ(နိုင်)၁၀၄၃၃၅)နှင့် ဒေါ်သိန်းသိန်းဦး(ဘ)ဦးမြသိန်း(၉/ခအဇ(နိုင်)၀၁၇၃၅၂)က အပြီးအပိုင် လက် ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးခက်ခက်နိုင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**၅၉လမ်း၊ ၁၁၇လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၄၂၈၂၆၇**

## အများသိစေရန် ကြေညာခြင်း

ကျွန်မဒေါ်အေးအေးမော်(ဘ)ဦးစိုးလွင်(၉/ခအဇ(နိုင်)၀၃၂၀၆၃)၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၉လမ်းနှင့် လမ်း၉၀ကြား နေထိုင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မဒေါ်အေးအေးမော်နှင့် ဦးရဲအောင်(ဘ)ဦးသောင်းရွှေ(၈/ရစက(နိုင်)၁၈၁၃၉၈)၊ ၁၂လမ်းနှင့် ၈၉လမ်း (ယခုနေရပ်လိပ်စာ မသိ)နေသူတို့သည် လွန်ခဲ့သော (၉)နှစ်ကျော်က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး ယခုအခါ ဦးရဲအောင်နှင့် ကျွန်မတို့သည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်တရားရုံးတော်၌(၁၂-၁၁-၂၀၂၄)ရက်စွဲပါ စာအမှတ်-၂၄၅/၂၀၂၄ နှင့် အကြင်လင် မယားအဖြစ်မှ တရားဝင်ပြတ်စဲခဲ့ကြပြီး ပစ္စည်းခန်းများလည်း ခွဲဝေပြီးခဲ့ကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်(ဘ)ဦးစိုးလွင်**
**(၉/ခအဇ(နိုင်)၀၃၂၀၆၃)**
**၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၇၆၀၀၀၃**

## A.R.S.P ချစ်တီးယားနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၅၉)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ (၀ ဒသမ ၀၈၈၂)ဧကအတွင်းမှ တောင်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၅၆၉)ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်မြေအောက်ပိုင်ဆိုင် ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို A.R.S.P ချစ်တီးယားထံမှ ကျွန်မဒေါ်ညွန့်ဝေ(ဘ)ဦးခွေးမောင်(ခ)ဦးညွန့်ရွှေ(၉/မနတ(နိုင်)၀၅၀၄၃၈) က (၇-၅-၁၉၉၅)တွင် မြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါဘိုးဘပိုင် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို A.R.S.P ချစ်တီးယားက ဤသတင်းစာကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း A.R.S.P ချစ်တီးယားနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ**
**ဒေါ်ညွန့်ဝေ(၉/မနတ(နိုင်)၀၅၀၄၃၈)**

## ဦးကွယ်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ အုန်းချောအရှေ့၊ ကွင်းအမှတ်(၅၅၉/က)၊ ဦးပိုင်အမှတ်(ဃ/၁၇၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်မြေကွက်အမည်ပေါက်သူ ဦးကွယ်ထံမှ ကျွန်တော်ဦးတင့်ဆွေဦး(ဘ)ဦးခင်မောင်ဆွေ(၉/မရတ(နိုင်)၀၇၃၄၅၅)မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် ရောင်းချမှုခိုင်မာစေရန်အတွက် ဝယ်ယူသူတောင်းဆိုသည့်အချိန်တွင် ရုံး၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို တရားဝင်ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၂၄-၁၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကွယ်နှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးတင့်ဆွေဦး**
**(၉ / မရတ(နိုင်)၀၇၃၄၅၅)**
**အကွက်အမှတ်(၇၄၃)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၉၃၇၃၆၀၀**

## လူမှုကိစ္စလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

(လက်ရှိ)မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၆၆လမ်းနှင့် ၆၈ လမ်းကြား၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲ ဝင်းနေ ဦးမျိုးဇော်ဦး(ခ)ဦးမိုးဇော်ဦး (၉/မထလ(နိုင်)၁၇၇၇၉၉)အား လည်းကောင်း၊ သားဖြစ်သူ မောင်စည်သူခန့်(ခ)မောင်ဟိန်းထက်ဇော်အား လည်းကောင်း၊ သမီး မနန်းအိမ်ခြွေရှင်၏ ဖခင်(ဘ)ဦးမျိုးဇော်ဦး(ခ)ဦးမိုး ဇော်ဦးအားလည်းကောင်း၊ သား မောင်မျိုးသီဟ (ခ)မောင်မြတ်ဘုန်းခန့်တို့၏အမည်မှာ လူပုဂ္ဂိုလ်တစ်ဦး တည်းဖြစ်ပါကြောင်း ။

**ဦးမျိုးဇော်ဦး(ခ)ဦးမိုးဇော်ဦး**
**၉ / မထလ(နိုင်)၁၇၇၇၉၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၃)၊ ဦးပိုင်အမှတ်(၁၅-ဆ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၂၁)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် မြေပေါ်၊ မြေအောက် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လွေးရွှေအောင်(ဘ)ဦးဆွဲဆိုင် (၁၃/နခန(နိုင်)၀၄၅၃၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ မိမိ၏ အကျိုးသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်သူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးစိုးမိုးလွင် (LL.B, LL.M)**
**အထက်တန်းရှေ့နေ**
**၃၄(ဘီ)လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၁၄၄၉၆၆**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်း များကို ပြုလုပ်ကြသည်။

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ စာမျက်နှာ ၆ သို့ ✬



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

## Asean Women Futsal Championship 2024 ပြိုင်ပွဲအတွက် ပွဲကြို သတင်းစာရှင်းလင်းပွဲကျင်းပ



Asean Women Futsal Championship 2024 ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်း လင်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြိုင်ပွဲဝင် အသင်းများတည်းခိုရာ Marcopolo Hotelတွင် ကျင်းပခဲ့ရာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်အသင်းများမှ နည်းပြနှင့် အသင်းခေါင်းဆောင်များ တက်ရောက်ဖြေကြားခဲ့သည်။

ထိုပွဲကြို သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ် အသင်းနည်းပြချုပ် ဦးဌေးမြင့်က ''အာဆီယံ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲဟာ အတွေ့အကြုံကောင်းတွေ ရရှိစေမယ့် ပြိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ ထိုင်း၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားတို့ဟာ အသင်းကောင်းတွေဖြစ်ကြသလို အိမ်ရှင်ဖိလစ်ပိုင်ကလည်း အကောင်းဆုံး ပြင်ဆင်ထားတာကြောင့် ပွဲတိုင်းခက်ခဲမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမတိုင်မီ ထိုင်းမှာ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲကစားခဲ့ပါတယ်။ ရလဒ်ကောင်းရဖို့ အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပါတယ်''ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းခေါင်းဆောင် ဖူးပွင့်ခိုင်က ''ဒီပြိုင်ပွဲဝင်ရောက်ကစားခွင့်ရလို့ ကျေနပ်မိပါတယ်။ ဒီပြိုင်ပွဲဟာ လာမယ့် ဇန်နဝါရီ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် အာရှဖလား အမျိုးသမီးဖူဆယ် ခြေစစ်ပွဲအတွက် အထောက်အကူဖြစ်စေပါတယ်''ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ် အသင်းသည် ၂၀၂၄ အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီ ၃၀ မိနစ်တွင် အိမ်ရှင်ဖိလစ်ပိုင်၊ နိုဝင်ဘာ ၁၇ရက် မြန်မာစံတော်ချိန်နေ့လယ် ၂နာရီ ၃၀မိနစ်တွင် ဗီယက်နမ်၊ နိုဝင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၃၀ မိနစ်တွင် ထိုင်း၊ နိုဝင်ဘာ ၁၉ရက် နေ့လယ် ၂နာရီ ၃၀မိနစ်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0-0